# မာတိကာ


၆ အမှာစကား
၁၁ တော၏ မူလအစ
၁၆ အရှုံးတဘောင်
၁၈ ရပ်ကွက်ထဲက အစည်းအဝေးပွဲ
၂၁ ရပ်ကွက်ထဲက မွေး
၂၄ အရှုံးစကား
၂၇ တောနဲ့ဗားစလီ
၃၀ အရှုံးတွေရဲ့အထက်မှာ
၃၂ ပါးစပ်သေနတ်
၃၄ တစ်မတ်ဂိုင်စီကွေး
၃၇ တရုတ်ကျေး
၃၉ ခြင်နှစ်မျိုး
၄၂ စားပြီးနားမလည်
၄၅ တောနဲ့ ကျောင်းစိမ်း
၄၈ ဘယ်ကလာသလဲ၊ ဘယ်ကိုသွားမလဲ
၅၁ ဗိုလ်ပြုတ်နဲ့ မြင်းထိန်းတော
၅၃ မြင်းထိန်းနှင့် ဝန်မင်း
၅၇ အရေးကောင်း ဒိန်းဒေါင်းဖျက်
၆၀ တောနဲ့ ဒိန်းဒေါင်း
၆၃ ပြည်သူ့မေတ္တာစူးပြီဗျာ
၆၅ လူပေါတွေများတဲ့ တိုင်းပြည်
၆၇ ဆဒ္ဒန်လက်သစ်များ
၇၀ တောရဲ့ ဥက္ကဋ္ဌည
၇၄ လုပ်ကြံခံလိုက်ရတဲ့ ဥက္ကဋ္ဌ
၇၇ ကြံဖူးပေါင် ဂုဏ်ထူးဆောင်တော
၈၀ သဝဏ်လွှာ
၈၃ ခွေးတွေအထက်မှာ တောရှိတယ်
၈၇ ခွေးမှုထူးချွန်
၉၀ ကျွန်တော်တို့ ကန်းနေကြပါသည်
၉၃ တောနဲ့ ရောင်းရင်းများ ထောက်ခံပွဲ
၉၆ အရုက်ဝစ်သောက်
၉၉ အရှုံးကောင်စီ
၁၀၂ မဲဆွယ်လိုသလား ... တောနဲ့ဆက်သွယ်ပါ
၁၀၆ တောရဲ့ရင်တွင်းဖြစ်
၁၀၉ ပါတီဥက္ကဋ္ဌတော
၁၁၁ ခွပါတီ
၁၁၄ ဥက္ကဋ္ဌကို ဝန်းရံကြ
၁၁၈ အပုပ်စုပ် ကျောက်ဖရုံ
၁၂၂ ဘိုဂျုပ်တော (၁)
၁၂၆ ဘိုဂျုပ်တော (၂)


# အမှာစကား

"ခွေးထိန်းတော" စာစုများကို ကျွန်တော် ၂၀၁၅ ခုနှစ်က ဆိုရှယ်မီဒီယာ (Facebook) ပေါ်တွင် အလျဉ်းသင့်သလို ရေးသွားပါသည်။

စာတစ်ပုဒ်တိုင်း၏ အောက်ခြေတွင် ရက်စွဲမှတ်တမ်းလေးများကို ထည့်ပေးထားပါသည်။ ထိုရက်စွဲမှတ်တမ်းများက အရေးကြီးသည်။ ရက်စွဲနှင့် တိုက်ဆိုင်ပြီး နိုင်ငံရေးအခြေအနေကို ထင်ဟပ်ကြည့်လျှင် ပိုပြီး သဘောပေါက်နိုင်လိမ့်မည် ထင်ပါသည်။

ကျွန်တော်၏ဇာတ်လိုက်ကျော် "တော" သည် ငယ်စဉ်ကတည်းက ဖတ်မှတ်ခဲ့ဖူးသည့် "မြင်းထိန်း တော" ဇာတ်ကောင်အပေါ်တွင် အခြေခံထားသော ခေတ်သစ် "တော" ဖြစ်ကြောင်း ဦးစွာဝန်ခံလိုပါသည်။ မြင်းထိန်း တောအကြောင်းကို "မြင်းထိန်းနှင့် ဝန်မင်း" ဆိုသည့် စာစုတွင် ဖော်ပြထားပါသည်။

ခေတ်သစ် တောက မြင်းထိန်းမဟုတ်၊ ခွေးထိန်း ဖြစ်သည်။ တောဇာတ်ကောင်သည် ကျွန်တော်နှင့် အစိမ်းမဟုတ်။ ကျွန်တော်ရပ်ကွက်ထဲတွင် တွေ့ကြုံဖူးသူဖြစ်သည်။ ငယ်စဉ်ကတည်းက ရပ်ကွက်ထဲ မည်သည့်နေရာကမှန်းမသိ ရောက်လာသော ကိုမြကြီးဆိုသူအားအခြေခံကာ ကျွန်တော် ခေတ်နှင့်ထင်ဟပ်ပြီး မှတ်တမ်းတစ်ခု တင်ခဲ့ခြင်းဖြစ်သည်။

ကျွန်တော်သည် စာဖတ်စဉ်ကတည်းက စာရေးဆရာကြီးများ ဖြစ်ကြသော မောင်ထင်၊ ညိုမြ၊ သော်တာဆွေ၊ ဇဝန၊ အောင်ဇလ၊ မောင်သော်က၊ မောင်သစ်တို့၏ စာပေများတွင် ပျော်မွေ့ခဲ့သူ ဖြစ်ပါသည်။ ဆရာကြီးများ၏ လောကကို သရော်တော်တော်အရေးများအပေါ် သဘောကျမိသည်။ သူတို့လို တစ်နေ့တွင် ရေးကြည့်ခွင့်ပေါ်လာရမည်ဟု စိတ်ကူးဖြင့် ရေးနေသော်လည်း ကျွန်တော့် သရော်စာများကို မည်သည့်နေရာတွင် ဖော်ပြရမည်နည်း။ မည်သူတွေက ဖော်ပြပေးမည်နည်း။

၂၀၁၅ ခုနှစ် ဆိုသည်မှာ ကျွန်တော် သတင်းစာတစ်စောင်တွင် တာဝန်ထမ်းဆောင်နေချိန် ဖြစ်ပါသည်။ သတင်းစာတွင် ကိုယ်တာဝန်ကျနေသည့် ကဏ္ဍမှာ ဘာသာပြန်တွေကများသည်။ ပညာရေး၊ နိုင်ငံရေး၊ လူမှုရေး အကြောင်းပေါင်းစုံ ရေးသားခွင့်ရခဲ့သည်။ သို့သော် သရော်စာရေးရန် အခွင့်အရေးမရ။ သတင်းစာတွင် နေရာမရှိဟု ဆိုရမည်။

သို့ဖြစ်ရာ Facebook ပေါ်သို့ "ခွေးထိန်းတော" ဇာတ်ကောင်ကို ချပြမိသည်။ လူကြိုက်များပြီး တုံ့ပြန်အားကောင်းလာသဖြင့် ဆက်တိုက်ဆိုသလိုရေးမိသည်။ အရေးကောင်း၍ မိတ်ဆွေအချင်းချင်း မိတ်ပျက်မလိုတောင်ဖြစ်သွားသည်။ တစ်ရက်ကြိုတင်ပြီးရေးလိုက်သည့် အကြောင်းအရာတစ်ခုက အဖြစ်အပျက်တစ်ခုနှင့် တိုက်ရိုက် တိုက်တိုက် ဆိုင်ဆိုင်ဖြစ်သွားသည်။ ကာယကံရှင်၏ကိုယ်စား တစ်ဦးက ပြန်ဖျက်ခိုင်းသည်အထိ ဖြစ်သွားခဲ့ရသည်။ သူတို့ အော့စ်ကို ထိနိုက်သလို ဖြစ်နေသောကြောင့်ဟုဆိုသည်။ ကျွန်တော် အကြားအမြင်များ ရနေသလားဟု မိတ်ဆွေတွေက ပြောကြသည်။ တိုက်ဆိုင်မှုတစ်ခုဖြစ်သည်။

တောသည် အရှုံးဇာတ်ကောင်ကို ခေတ်အမြင်နှင့် ကွန့်ထားခြင်းဖြစ်သည်။ တိတိပပဆိုရလျှင် ခေတ်နိုင်ငံရေးကို သရော်ထားခြင်းဖြစ်သည်။ တောဆိုသူက စိတ်မမှန်။ ကောင်းချင်ကောင်းမည်၊ ဆိုးချင်ဆိုးမည်။ သူက စကားကြီး စကားကျယ်တွေ ပြောချင်လည်း ပြောတတ်သည်။ တစ်ချိန်က စာတတ် ပေတတ်တစ်ဦး ဖြစ်ကောင်း ဖြစ်နိုင်သည်။ သူ့ကိုရူးနေသည်ပြောသော်လည်း မည်သူ့ကိုမျှ အကျိုးမဲ့ အပြုအမူမျိုးမလုပ်တတ်။ ရပ်ကွက်ကို ချစ်အောင်နေတတ်သည်။ ထို့ကြောင့် သူ့တွင် မပူမပင်နေရသည်။ တော၏ အမှန်တကယ်ခေတ်က ဆိုရှယ်လစ်ခေတ် ဖြစ်သည်။ ကျွန်တော် ပြန်လည်ဖော်ကျူးနေရသည်မှာ ၂၀၁၅ ခေတ် နိုင်ငံရေး အကူးအပြောင်းမဖြစ်မီ ကာလလေးနှင့် အစိုးရမပြောင်းမီကာလလေးတစ်ခုဖြစ်ပါသည်။ တိတိပပပြောရလျှင် သမ္မတဦးသိန်းစိန် အစိုးရခေတ်။

စစ်အာဏာရှင်စနစ်ကို ကျွန်တော်တို့မကြိုက်။ သို့သော် နှစ်ပေါင်းများစွာ ကျွန်တော်တို့ စစ်ဖိနှိပ်အောက်ကို ရောက်ခဲ့ရသည်။ ဖိနှိပ်မှုတွေကြားတွင် ကျွန်တော်တို့ စာရေးသူများလည်း အတွေ့အကြုံတွေ အများကြီးရခဲ့သည်။ စာပေကင်ပေတိုင်ခေတ်ဆိုသည့် စာပေစိစစ်ရေး ခေတ်တစ်ခေတ်ကို ကျော်ဖြတ်ခဲ့ရသည်။ မကြိုက် ဖြုတ်ခိုင်းသော ခေတ်ကို ရင်ဆိုင်ခဲ့သည်။ ထိုခေတ်မှသည် စာပေလွတ်လပ်ခွင့်ရခဲ့သည်။ ပိုပြီး လွတ်လပ်သော ဆိုရှယ်မီဒီယာကို ကြုံတွေ့နိုင်ခဲ့ကြသည်။ Facebook ပေါ်တွင် လွတ်လပ်စွာ တွေးရေးခွင့်တွေ ရလာကြသည်။

ကျွန်တော်သည် ၂၀၁၁ ခုနှစ်လောက်ကတည်းက Facebook ပေါ်တွင် နေ့စဉ်လိုလို စာစုံရေးသည်။ သတင်းစာအတွက် တာဝန်ကျသည့် စာများကို ရေးနေရင်းက အားလပ်သည့် အချိန်ပိုင်းလေးတွင် သိရသည့် သတင်းအချက်အလက်လေးများအပေါ် မူတည်ပြီး သရော်ချင်စိတ်တွေ ဝင်လာသည်။ သို့သော် သတင်းစာထဲတွင် ထိုအကြောင်းအရာများကို မရေးနိုင်။ သတင်းစာကျင့်ဝတ်၊ သတင်းစာစည်းကမ်းများအရ ရှောင်ရ ဆောင်ရသည်များကို လိုက်နာရသေးသည်။

Facebook ကတော့ နည်းနည်းလွတ်လပ်သည်။ ထို့ကြောင့် ကျွန်တော့်မိတ်ဆွေများကို တောအား အကြောင်းပြုပြီး ဇာတ်လမ်းတွေဆင်ရသည်။

အမှန်တော့ "ခွေးထိန်းတော" ကို ထုတ်ဝေရန် စိတ်မကူးမိ။ အပျော်ဖတ်အနေဖြင့်သာ ရေးခဲ့ခြင်းဖြစ်သည်။ သို့သော် ထုတ်ဝေသူနှင့် စာဖတ်ပရိသတ်များက တောင်းဆိုကြသည်။ တောဘယ်ရောက်သွားသလဲ မေးကြသည်။ တောကို ဆက်ရေးဖို့ ပြောကြသည်။

အမှန်တော့ ကျွန်တော် တောကို မသတ်ချင်။ ထို့ကြောင့် ရပ်လိုက်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့မျှော်လင့်သော၊ ကျွန်တော်တို့ ရွေးကောက်တင်မြှောက်လိုက်သည့် အစိုးရတက်လာသောကြောင့် ဖြစ်သည်။ ကိုယ်တင်ထားသော အစိုးရကို တောအား လှောင်ပြောင်ခိုင်းခြင်းငှာ မသင့်။ ထို့ကြောင့် တောကို နှုတ်ပိတ်ခိုင်းထားလိုက်ခြင်းကြောင့် ကျွန်တော့်ကို မတရားဟု ပြောချင်လည်းပြော ခံပါမည်။

တော ကျန်းမာရေးမကောင်းသဖြင့် ခေတ္တနားနေသည်ဟုသာ မှတ်ယူကြစေချင်သည်။ တော အားမွေးနေပါသည်။

တောနားနေခိုက်တွင် စာတွေပျောက်သွားမည်ကို စိုးရိမ်သဖြင့် ထုတ်ဝေသူနှင့် တိုင်ပင်ပြီး "ခွေးထိန်းတော" ကို မှတ်တမ်းကျန်စေခဲ့ရန် ထုတ်ဝေပါသည်။ ကျွန်တော့်ဘဝတွင် ကျွန်တော်ချစ်သော စာရေးဆရာကြီးများအား ဂုဏ်ပြုပြီး သရော်စာတစ်အုပ်ကို အားထုတ်နိုင်ခဲ့သဖြင့် ကြည်နူးမိပါသည်။

ကျွန်တော်ရေးခဲ့သည့် တောအကြောင်း ကောင်းသည်၊ မကောင်းသည်၊ ကြိုက်သည်၊ မကြိုက်သည်မှာ စာဖတ်ပရိသတ်၏ အဆုံးအဖြတ်သာဖြစ်ပါသည်။

တင်ညွှန့်
၂၃.၆.၂၀၁၉